## မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲအစီရင်ခံစာ

### နိဒါန်း

၁။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို (၁၈.၁၀.၂၀၂၂) ရက်နေ့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

### တွေ့ဆုံပွဲတက်ရောက်သူများ

၂။ အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဘက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး နှင့် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ညှိနှိုင်း ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ပြည်နယ်အတွင်း အစိုးရ အဖွဲ့ဝင်များ၊ မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုအသင်းမှ ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် လုပ်ငန်းရှင်များ၊ Mon CCI အသင်းနှင့် ညီနောင်အသင်းများ၊ မော်လမြိုင် စက်မှုဇုန် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် ပြခန်းပြသသူ စုစုပေါင်း (၃၀၀) ဦးခန့် တက်ရောက်ကြပါသည်။

### MSME လုပ်ငန်းရှင်များမှ တင်ပြချက်များ

၃။ မွန်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များမှ အောက်ပါအတိုင်းတင်ပြခဲ့ပါသည် –

(က) မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းများဥက္ကဋ္ဌ ဦးဝင်းထိန် မှ တင်ပြရာတွင် မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းသည် ကုန်စည်ဒိုင်အပါအဝင် ညီနောင်

အသင်း (၁၇) သင်းဖြင့် ဖွဲ့စည်းဆောင်ရွက် လျှက် ရှိပါသည်။ မွန်ပြည်နယ် ရာဘာ လုပ်ငန်းရှင် များအသင်းမှ တင်ပြလိုသည်မှာ မွန်ပြည်နယ်တွင် ရာဘာလုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်ရေးနှင့် အဆင့်မြင့် ရာဘာများ ထုတ်လုပ်နိုင်ရေးအတွက် ကူညီပံ့ပိုး ပေးနိုင်ရန်နှင့် နှစ်တိုနှစ်ရှည် ချေးငွေများ ပံ့ပိုးပေးစေလိုကြောင်း၊ ထုတ်ကုန်များ တင်ပို့ရာတွင် ကုန်စည် ခွန်များအား စနေ၊ တနင်္ဂနွေနေ့များတွင် ပေးဆောင်လိုပါ ကြောင်း၊ ဆား လုပ်ငန်းရှင်များအနေဖြင့် တင်ပြလိုသည်မှာ ဆားကြမ်းထုတ်လုပ် ရာတွင် လုပ်ငန်းတစ်ခုလုံး ကုန်ကျ စရိတ်၏ (၂၅%) မှာ ဒီဇယ်၊ ချောဆီ၊ စက်အပို ပစ္စည်းများအတွက် ပေးဆောင် ရကြောင်း၊ စက်သုံးဆီသုံးစွဲမှုများ လျော့ချနိုင်ရေးအတွက် နေရောင်ခြည် စွမ်းအင်သုံးလျှပ်စစ် (Solar System) ဖြင့် အစားထိုး သုံးစွဲမည်ဆိုပါက ကုန်ကျ စရိတ် သက်သာ မည်ဖြစ်ပါကြောင်း၊ Solar တပ်ဆင်ခမှာ (၁) ကေ (၅) သိန်း ခန့်ရှိပြီး (၁၀) ကေဆိုလျှင် သိန်း (၅၀)၊ ကေ (၁၀၀) ဆိုလျှင် သိန်း (၅၀၀) ကုန်ကျမည် ဖြစ်ပါ သဖြင့် နှစ်ရှည်ချေးငွေ ပံ့ပိုးပေးစေလိုကြောင်း မွန်ပြည်နယ်တွင် ဆားကြိတ်စက် (၁၆) စက်ရှိပြီး အိုင်အိုဒင်း ဆား (၁၀၀၀၀) ထုတ်လုပ် ပါကြောင်း၊ ဒေသထွက်ဆားများကို ကရင်ပြည်နယ် တနင်္သာရီဒေသများသို့ ရောင်းချလျှက် ရှိပါကြောင်း၊ ပြည်နယ်မှထွက်ရှိသည့်ဆားများကို ပြည်ပသို့ တင်ပို့နိုင်ရေးနှင့် ပြည်တွင်း၌ အဆင့်မြင့်ဆားများ ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ရန် အတွက် နိုင်ငံတော်မှလိုအပ်သည်များကူညီပံ့ပိုးပေးစေလိုကြောင်း၊ ဆားကြမ်းများကိုလည်း G to G စနစ်ဖြင့် ဘင်္ဂလားဒေရှ့်နိုင်ငံသို့ ရောင်းချလိုပါကြောင်း။

( ခ) မွန်ပြည်နယ် ဆန်စက်လုပ်ငန်းများရှင်များ ဥက္ကဋ္ဌ ဦးခိုင်ဦးမှ တင်ပြရာတွင် မွန်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းကို မြို့နယ်ပေါင်း (၈)မြို့နယ်တွင် ဆန်စက်အကြီးစား (၂၃) လုံး၊ အလတ်စား (၇၂) လုံး၊ အငယ်စား (၅၃၁) လုံး ၊ စုစုပေါင်း (၆၂၆) လုံးဖြင့် တည်ဆောက်လည်ပတ် လျက်ရှိပြီး မိုးစပါးစိုက်ဧက (၆၈၅၅၇၉၂) ၊ နွေစပါးစိုက်ဧက (၄၂၆၈၇) ရှိပြီး စပါးတင်းပေါင်း (၄၆၂၁၄၉၄၇) တင်း ထွက်ရှိပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သည့်ရေ လုံလောက် စွာ ရရှိရေးအတွက် ဒုံသမိမြစ်ရေတင်စီမံကိန်းကို ဆောင်ရွက်ပေးစေလိုပါကြောင်း၊ အဆင့်မြင့်ဆန်ကြိတ်ခွဲနိုင်ရေးအတွက် ဆန်စက်များအဆင့်မြှင့်တင် တည်ဆောက် ရန် နိုင်ငံတော်မှ မတည်ရင်းနှီးငွေများ လိုအပ်ပါကြောင်း။

( ဂ) ပြည်နယ်ရာဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းကိုယ်စား ဦးဟန်ထွန်းဇော် တင်ပြရာတွင် မြန်မာ့ရာဘာအရည်အသွေး တူညီစွာ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အတွက် မြန်မာ့သဘာဝရာဘာ အရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ချက်

Myanmar natural Rubber Standardization ကို အမြန်ဆုံးဖော်ဆောင်ပေးရန်နှင့် မြန်မာ နိုင်ငံတွင် ရာဘာစိုက်ပျိုးဧက (၁.၆) သန်းရှိသည့်အနက် (၉၀%) ကျော်ခန့်သည် ခြံရှင်ငယ်များဖြစ်ပြီး တူညီကောင်းမွန်သော အရည်အသွေးဖြင့် ကုန်ကြမ်း/ကုန်ချော ထုတ်လုပ်ရန် အခက်အခဲရှိနေပါ သေးသောကြောင့် ခြံငယ်ရှင်များကို စုဖွဲ့၍သော်လည်းကောင်း၊ အသင်းအဖွဲ့ဖြစ်သော်လည်းကောင်း၊ တစ်ဦးချင်းသော် လည်းကောင်း၊ မှိုင်းရုံများ တည်ဆောက်ခြင်း၊ မှန်ကန်သောအက်စစ်သုံးစေခြင်း၊ နည်းပညာနှင့် ကာလရှည် ချေးငွေကဲ့သို့သော ထောက်ပံ့မှုများ လိုအပ်နေကြောင်း။

(ဃ) မွန်ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်စိုးမှတင်ပြရာတွင် ၂၀၁၉ ခုနှစ်မှစ၍ ကမ်းဝေးငါးဖမ်းရေယာဉ်များတွင် တပ်ဆင်ထားသော VMS စက်များအားအသုံးပြုရန်အတွက် ကြည့်ရှုခ Air Time Fee ပေးချေရာမှာ ပြင်ပဒေါ်လာ ပေါက်ဈေးဖြင့် ပေးချေနေရပါသဖြင့် ဗဟိုဘဏ်မှ သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ဝယ်ယူပေးချေ နိုင်ရေး ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ကမ်းဝေးငါးဖမ်းလုပ်ကိုင်သူများနှင့် အအေးခန်း စက်ရုံများအတွက် အရင်းမပျောက် မတည်ချေးငွေများ လိုအပ်ပါကြောင်း။

(င) မြန်မာနိုင်ငံဟော်တယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (မော်လမြိုင်ဇုန်) မှ ဥက္ကဋ္ဌ ဦးချန်ထွန်းမှ တင်ပြသည်မှာ ယခင် ပြည်တွင်းပြည်ပခရီးသွားများ မွန်ပြည်နယ်သို့ လာရောက်ကြမည်ဆိုပါက အပန်းမကြီးဘဲ နေ့ချင်းပြန်ခရီးအနေဖြင့် သွားရောက်လည်ပတ်၍ရကြောင်း မွန်ပြည်နယ် ခရီးအဆုံး ပဲခူးတိုင်း ဒေသကြီးအစ ညောင်ခါးရှည် ကျေးရွာတွင် လုံခြုံရေးလိုအပ်ချက်အရ X-Ray Check Point စစ်ဆေးရေးဂိတ်ထားရှိသည်ကို မွန်ပြည်နယ်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းအနေဖြင့် ထောက်ခံပါကြောင်း မွန်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအဆင်ပြေအောင် X-Ray Check Point စစ်ဆေးရေးဂိတ်တွင် ကားတန်းရှည်ကြီးဖြင့် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရပါသဖြင့် ခရီးသွားလာရေး အဆင်ပြေလွယ်ကူချောမွေ့မြန်ဆန်စေရေးအတွက် ကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်း။

(စ) မော်လမြိုင်မြို့ရှိ ဟိုတယ်၊ဆေးရုံနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင် ဦးမိုးကျော်မှ တင်ပြရာတွင် ပထမအချက်အနေဖြင့် ဆောက်လုပ်ရေးလုပ်အတွက် ဘိလပ်မြေ အခက်အခဲရှိပါကြောင်း၊ မိမိလုပ်ငန်းသည် တစ်နေ့လျှင် ဘိလပ်မြေ(၁၂၀၀)အိတ် အသုံးပြုရပါကြောင်း၊ ဘိလပ်မြေစက်ရုံမှ ဝယ်ယူရာတွင် မော်လမြိုင် အရောက်

တစ်အိတ်လျှင် (၁၀၃၀၀) ကျပ်နှုန်းကျသင့်ပါသဖြင့် ဈေးအမြင့်ဖြင့် ဝယ်ယူနေရပြီး တစ်ခါတစ်ရံဝယ်ယူ၍မရပါကြောင်း၊ ကျိုက်မရောမြို့နယ်ရှိ SCG ဘိလပ်မြေစက်ရုံလည်ပတ်စဉ်က ဘိလပ်မြေဝယ်ယူရာတွင် အဆင်ပြေကြောင်း၊ ယခုအခါ SCG စက်ရုံမှာ ၂၀၂၀ ဒီဇင်ဘာလကတည်းက ပိတ်ထားကြောင်း SCG စက်ရုံသာ ပြန်လည်ပါက စက်ရုံဝန်ထမ်းမိသားစုများ ဆက်စပ်လုပ်ငန်းများ အဆင်ပြေမည်ဖြစ်ပြီး ဒေသအတွက်လည်း အထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ ဒုတိယအချက်အနေဖြင့် မော်လမြိုင်တွင် ခုတင် (၁၀၀) ဆန့် ဆေးရုံသစ် တည်ဆောက်လျက်ရှိရာ အဆောက်အဦနှင့် စက်ပစ္စည်းများအတွက် အခွန် သက်သာခွင့်ရရန် MIC တင်ထားပါကြောင်း MIC ခွင့်ပြုချက်ရရှိရေး ကူညီပေးစေ လိုပါကြောင်း။

(ဆ) ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာအုပ်စုရှိ ဆေးတံတုတ်ကောက်လုပ်ငန်းနှင့် ပန်းပုလုပ်ငန်းလက်မှုပစ္စည်းများ လုပ်ငန်းရှင် ဦးမန်းငွေဝင်းမှ တင်ပြသည်မှာ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းရှင်များအတွက် အတိုးနှုန်းသက်သာစွာဖြင့် MSMEs နှစ်ရှည်ချေးငွေများ ထုတ်ချေပေးနိုင်ရေး ဆောင်ရွက်ပေးစေ လိုပါကြောင်း။

(ဆ) ကျိုက်ထိုမြို့နယ်၊ ငွေးမြင့်အောင်ယိုစုံလုပ်ငန်းပိုင်ရှင် ဒေါ်ငွေးငွေးဝင်းမှ တင်ပြရာတွင် သစ်သီးယိုစုံလုပ်ငန်း အဓိက လုပ်ကိုင်သူ (၁၅) ဦးခန့်ရှိပါသည်။ လုပ်ငန်းရှင်များအနေဖြင့် ကျိုက်ထီးရိုးဘုရားဖူးလာရောက်သည့် ပြည်သူများကိုသာ အဓိက ဘုရားဖူးလက်ဆောင်အဖြစ် ရောင်းချနေရပါကြောင်း (၂) နှစ်တာကာလအတွင်း ကိုဗစ်ကြောင့် ဘုရားဖူးနည်းသည့်အတွက် သစ်သီးယိုစုံရောင်းချမှု နည်းပါးလျက် ရှိပါကြောင်း၊ သစ်သီးယိုစုံရောင်းချခြင်း လုပ်ငန်းလုပ်ကိုင်သော အငယ်စား လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလည်ပတ်ရေးနှင့် ထုတ်ကုန် အရည်အသွေး မြှင့်တင်ရေးအတွက် ချေးငွေရရှိရေး ဆောင်ရွက်ပေးစေ လိုပါကြောင်း။

(ဇ) မော်လမြိုင်စက်မှုဇုန်ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်မှ တင်ပြရာတွင် မော်လမြိုင်စက်မှုဇုန်တွင် စက်မှုလုပ်ငန်း (၁၈၂) ခု ရှိပါကြောင်း ၎င်းစက်ရုံများမှ နိုင်ငံတော်အတွက် လိုအပ်သော စက်မှုကုန်ကြမ်းပစ္စည်းများ လယ်ယာနှင့် စိုက်ပျိုးရေးသုံးစက်ကိရိယာများ ကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်လျက် ရှိပါ ကြောင်း ၎င်းလုပ်ငန်းများ၏ ရေရှည်တည်တံ့နိုင်ရေးအတွက် MSME များအား ထုတ်ချေးသကဲ့သို့ အတိုးနှုန်းသက်သာသည့် ချေးငွေများ ထုတ်ချေးပေးစေ လိုပါကြောင်း။

(ဈ) မော်လမြိုင်မြို့ကျောက်တန်းစက်ရုံစုကော်မတီအဖွဲ့ဝင်ဦးဝင်းနိုင်မှ တင်ပြသည်မှာ မွန်ပြည်နယ်အနေဖြင့် ဘိလပ်မြေဝယ်ယူရာတွင် မြန်မာ့စီးပွားရေးဦးပိုင် မီလီတက် မှ ထုတ်လုပ်လျက်ရှိသော ဘိလပ်မြေများကို မန္တလေးတိုင်း ဒေသကြီး၊ သာစည် မြို့တွင်ရှိသော ရွှေမြင်းပျံတံဆိပ်ဘိလပ်မြေသည် တစ်အိတ်လျှင် (၇၇၀၀) ကျပ် နှုန်းဖြင့်လည်းကောင်း၊ Sky Blue ဘိလပ်မြေသည် တစ်အိတ်လျှင် (၈၈၀၀) ကျပ် နှုန်းဖြင့်လည်းကောင်း လွတ်လပ်စွာ လိုသလောက် ဝယ်ယူရရှိပါကြောင်း သို့သော်လည်း သာစည်မြို့မှ မော်လမြိုင်မြို့အထိ သယ်ယူပို့ဆောင်ခ တစ်အိတ် လျှင် (၃၅၀၀) ကျပ်နှုန်း ကျသင့်ပါသဖြင့် ကျွန်တော်တို့ပြည်နယ်တွင် ဘိလပ်မြေ တစ်အိပ်လျှင် (၁၁၀၀၀) ကျော်ဖြင့် ဝယ်ယူသုံးစွဲနေရပါသဖြင့် သယ်ယူ စရိတ်မြင့်မားမှုကြောင်း အခက်အခဲ ဖြစ်ပေါ်လျက်ရှိပါကြောင်း ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မြိုင်ကလေး ဘိလပ်မြေစက်ရုံမှ ဝယ်ယူခွင့်ရရှိပါက သယ်ယူ ပို့ဆောင်ခတစ်အိတ်လျှင် (၇၀၀) ကျပ်ခန့်သာ ကျသင့်မည်ဖြစ်သဖြင့် ထုတ်ကုန် ပစ္စည်းများအား ဈေးနှုန်း သက်သာစွာဖြင့် ပြည်သူများအား ဖြန့်ဖြူးရောင်းချ နိုင်ရေးအတွက် မြိုင်ကလေးဘိလပ်မြေစက်ရုံမှ ထုတ်လုပ်သော ဘိလပ်မြေ များအား ဝယ်ယူခွင့်ရရှိနိုင် ရေး စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း။

(ည) မော်လမြိုင်စက်မှုဇုန်ရှိ သံရည်ကျိုလုပ်ငန်းရှင် ဒေါ်မြတ်မြတ်စိုးမှ တင်ပြသည်မှာ သံရည်ကျိုလုပ်ငန်းများဆောင်ရွက်ရန် သံတိုသံစများအား တစ်ပိဿာလျှင် (၂၀၀၀) ကျပ်နှုန်းဝန်းကျင်ဖြင့် ဝယ်ယူလုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း ကုန်ကြမ်း မလုံလောက်သည့်အတွက် ဟောင်းနွမ်းဆွေးမြေ့သည့် ယာဉ်အို ယာဉ်ဟောင်းများ ဖျက်သိမ်းခြင်းလေလံများကို နေပြည်တော်တွင် သွားရောက်ဆွဲ ဝယ် သယ်ယူဆောင်ရွက်လျက်ရှိရာ သယ်ယူစရိတ်ကြီးမြင့်သဖြင့် သယ်ယူစရိတ် သက်သာပြီး လုပ်ငန်းရှင်များ အဆင်ပြေစေရေးအတွက် မွန်ပြည်နယ်၊ ကရင် ပြည်နယ်နှင့် တနင်္သာရီတိုင်းအတွင်းမှ ယာဉ်အိုယာဉ်ဟောင်းများ၊ စက်ရုံ အဟောင်းများ၊ သံကိုယ်တည်သင်္ဘောအဟောင်းများ ဖျက်သိမ်း၍ လေလံ တင်ရောင်းချခြင်း လုပ်ငန်းများအား မွန်ပြည်နယ် မော်လမြိုင်မြို့တွင် အခြေပြု၍ ဆောင်ရွက်ပေး စေလိုပါကြောင်း။

(ဋ) မော်လမြိုင်စက်မှုဇုန်ရှိ သံရည်ကျိုလုပ်ငန်းရှင်ဦးဝင်းကိုမှ ဆွေးနွေးသည်မှာ မော်လမြိုင်စက်မှုဇုန်တွင် သံရည်ကျိုလုပ်ငန်း (၈) ခုရှိပါကြောင်း သံရည်ကျို ရန်အတွက် လိုအပ်သောရေနံဂျုံးမီးသွေးကို မကွေးတိုင်းဒေသကြီး သံပုရာကန် စက်ရုံတွင် ဝယ်ယူခွင့်ပါမစ်ရရှိသူထံမှတဆင့် ဝယ်ယူရသဖြင့် ဈေးနှုန်း ပိုမို ပေးဆောင်ရပါသဖြင့် အမှန်တကယ်စက်မှုလုပ်ငန်း လုပ်ကိုင်သူများကို ပြည်နယ်

အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ရေနံဂျိုးမီးသွေး ဝယ်ယူခွင့်ပါမစ်အား အချိုးကျ ရရှိရေး ဆောင်ရွက်ပေးစေလိုကြောင်း။

(ဌ) မော်လမြိုင်မြို့ ရိုးဂိုးရပ်ကွက်ရှိ ယက္ကန်းလုပ်ငန်းရှင်များအသင်း ကိုယ်စားလှယ် တစ်ဦးမှတင်ပြသည်မှာ မိမိတို့ယက္ကန်းများမှရိုးရာယက်လုပ်ထည် စစ်စစ်များကို ထုတ်လုပ်ကြောင်း အရင်းအနှီးအခက်အခဲများရှိ၍ မတည်ချေးငွေများ လိုအပ် ပါကြောင်း၊ ချေးငွေရယူရာတွင် မြေပိုင်ဆိုင်မှု အထောက်အထားများ ပြရကြောင်း မိမိတို့မှာ မြေခွန်ပြေစာသာရှိ၍ ငွေချေးရာတွင်ခက်ခဲကြောင်း၊ မြေပိုင်ဆိုင်မှု အထောက်အထားမပါဘဲ လုပ်ငန်းကို ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်း အနေအထား ကိုကြည့်၍ ဝိုင်းကြီးချုပ်စနစ်ဖြင့် ငွေထုတ်ချေးပေး စေလိုကြောင်း။

(ဍ) သံဖြူဇရပ်မြို့နယ် ပင်ဆားလုပ်ငန်း စီမံကိန်းမန်နေဂျာဦးကျော်ဝင်းမှ တင်ပြ ရာတွင် မိမိတို့လုပ်ငန်းမှ နေလှန်းဆားကြမ်း အိုင်အိုဒင်းဆားချောများ ထုတ်လုပ်ပြီး မြန်မာပြည်တွင် အကြီးဆုံးလုပ်ကွက်ဖြစ်ပါကြောင်း၊ အဆင့်မြင့် ဆားချော များထုတ်လုပ်နိုင်ရေးအတွက် ချေးငွေများ ရယူလိုပါကြောင်း။

(ဎ) မော်လမြိုင်စက်မှုဇုန်ရှိ ခနောက်စိမ်းလုပ်ငန်းရှင်တစ်ဦးမှ တင်ပြရာတွင် စက်ရုံမှ ထွက်ရှိသည့် ခနောက်စိမ်းများအား တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သတ္တု ကဏ္ဍတွင်ပါဝင်သော မြေရှားနှင့်ဂရက်ဖိုက်များအား လုပ်ငန်းလိုင်စင် ချပေး နိုင်ခြင်း ရှိ/မရှိ သိလိုပါကြောင်း။

## ပြည်ထောင်စုဝန်ကြီးများမှ ပြန်လည်ရှင်းလင်းဖြေကြားခြင်း

၄။ မွန်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များ၏ တင်ပြမှုများအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများမှ အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ပါသည်-

(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်မှ နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက် လုပ်ငန်းအခက်အခဲများကို သိရှိရန်လိုအပ်ကြောင်း၊ ၎င်းအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတော် မှ ဖွံ့ဖြိုးရေးရန်ပုံငွေတစ်ရပ်တည်ထောင်ပေးခဲ့ပါကြောင်း လွန်ခဲ့သော (၂) လခန့် က ပြည်ထောင်စုဝန်ကြီးများ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်နယ်၊တိုင်းများ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသများအား မတည်ရန်ပုံငွေများ ထောက်ပံ့ပေးရန် ဆွေးနွေး ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ဖြစ်စဉ်ကြောင့် စီးပွားရေးများ ၂၀၁၉-၂၀၂၀ မှစ၍ ကျဆင်းလာကြောင်း တစ်ချို့နိုင်ငံများတွင် စီးပွားရေးပြန်လည် နိုးထ

လာရေး အတွက် ခရီးသွားလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ညီတူညီမျှဖွံ့ဖြိုးရေးအတွက် မွန်ပြည်နယ်သို့ (၈)ဘီလီယံ ထုတ်ပေးရန် သတ်မှတ်ထားပါကြောင်း ဦးတည်ချက်(၉)ရပ်အနက် စီးပွားရေး ဦးတည်ချက် (၃) ရပ်တွင် ပါဝင်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း အခြေခံ စက်မှု ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မွန်ပြည်နယ်ရှိ MSME လုပ်ငန်းများအား ထောက်ပံ့ပေးရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း လိုအပ်ချက် အသီးသီးအပေါ်မူတည်ပြီး စဉ်းစားပေးမည်ဖြစ်ကြောင်း မွန်ပြည်နယ်၏ GDP သည် (၂၀၁၉-၂၀၂၀)ခုနှစ်မှ စ၍ ကျဆင်းလာရာမှ လွန်ခဲ့သည့် (၆) လမှစ၍ ပြန်တက်လာပါကြောင်း သက်ဆိုင်ရာဌာနများ၏ ပံ့ပိုးမှု လုပ်ငန်းရှင်များ၏ ကြိုးစားဆောင်ရွက်မှုကြောင်းတိုးတက်လာခြင်းဖြစ်ကြောင်း MSME ချေးငွေ ကိစ္စနှင့်ပတ်သက်၍ JICA Two Step Loan ဖြင့် ချေးငွေ (၄.၁၅) ဘီလီယံ ထုတ်ချေးထားပါကြောင်း ကြွေးကျန်မှာ (၁.၃၈၂) ဘီလီယံရှိကြောင်း၊ ကိုဗစ်-၁၉ ရန်ပုံငွေကို ၂၀၂၀ ခုနှစ်မှစ၍ မြန်မာ့စီးပွားရေးဘဏ်မှ ကိုဗစ်-၁၉ ကုစားရေး အစီအစဉ်ဖြင့် (၉၉၈.၅)ကျပ်သန်း မြန်မာ့လယ်ယာ စိုက်ပျိုးရေး ဘဏ်မှ ကိုဗစ်-၁၉ အထူးချေးငွေအဖြစ် (၁၂.၉၃၅)ဘီလီယံထုတ်ချေးပေးခဲ့ပြီး (၉.၂)ဘီလီယံသာ ပြန်လည်ရရှိခဲ့ကြောင်း MAB မှ ထုတ်ချေးသည့် နှစ်စဉ် မိုးစပါးနှင့် ဆောင်းသီးနှံများအတွက် (၂၅.၈၇၃) ဘီလီယံထုတ်ချေးပြီး (၁၂.၄၇) ဘီလီယံ ကျန်ရှိနေပါကြောင်း MSME များအား JICA Two Step Loan၊ MAB၊ MEB ဘဏ်များမှ ချေးငွေများ ထုတ်ချေးပေးထားသော်လည်း ပြန်ဆပ်သူများ ရှိသကဲ့သို့ မဆပ်သူများလည်းရှိကြောင်း ဦးဝင်းထိန် မေးမြန်းသည့် စနေ၊တနင်္ဂနွေနေ့များတွင် ကုန်စည်ခွန် ပေးဆောင်လိုခြင်း ကိစ္စမှာ အခွန်ဆိုလျှင် ပြည်တွင်းအခွန်နှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးရန်ရှိပါကြောင်း၊ မွန်ပြည်နယ်တွင် ဆန်စက်၊ ဆီစက်များ တည်ထောင် ပေးရန် စီစဉ်ထားပါကြောင်း ငါးလုပ်ငန်းမှ အရင်းမပျောက် မတည်ငွေများ တောင်းခံ ထားရာ MSME သဘောသဘာဝအပေါ်မူတည်ပြီး ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ချောင်းဆုံရွာလွတ်ရှိ စက်မှုလုပ်ငန်းရှင်များမှ MSME ချေးငွေနှင့်ပတ်သက်၍ မြန်မာ့စီးပွားရေးဘဏ်နှင့် ဆက်သွယ် ဆောင်ရွက်ရန် မော်လမြိုင်စက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများအတွက် ဖွံ့ဖြိုးရေး ချေးငွေနှင့် စီးပွားရေးချေးငွေ (၂) မျိုးရှိရာ အတိုးနှုန်းသက်သာသည့် ချေးငွေ ရရှိရေး စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ယက္ကန်လုပ်ငန်းများအတွက် မြေပိုင်ဆိုင်မှုအထောက်အထားမရှိဘဲ ငွေချေးရန်အတွက် မြန်မာ့စီးပွားရေးဘဏ် နှင့် မြန်မာ့အာမခံလုပ်ငန်းတို့ ပေါင်းစပ်ပြီး ချေးငွေထုတ်ချေးလျက်ရှိပါကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့်

ငွေချေးခြင်းကို CGI စနစ်ဖြင့် ချေးယူ၍ ရ/မရ သမဝါယမဝန်ကြီးဌာနနှင့် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း၊ MSME ချေးငွေများ ချေးရာတွင် အသေးစား စတင်လုပ်ကိုင်သော လုပ်ငန်းများအား ဦးစားပေးစဉ်းစားမည်ဖြစ်ကြောင်း၊ ရေရှည် လုပ်ငန်းများအတွက် MSME နှင့် အခြားထောက်ပံ့ငွေများ၏ လုပ်ပေး နိုင်သော အနေအထားများအား Criteria ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း။

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ကဏ္ဍ (၁၂) ခု ရှိပါကြောင်း မွန်ပြည်နယ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် မွေးမြူရေး ကဏ္ဍတွင် (၁) ခု၊ ဟိုတယ် ကဏ္ဍတွင်(၁) ခု၊ လျှပ်စစ် ကဏ္ဍတွင် (၂) ခု၊ စက်မှု ကဏ္ဍတွင် (၁၅) ခု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် (၁၃) ခု၊ ဝန်ဆောင်မှု ကဏ္ဍတွင်(၇) ခု၊စုစုပေါင်း (၄၄) ခုရှိကြောင်း၊ နိုင်ငံသားရင်းနှီးမြှုပ်မှုတွင် စိုက်ပျိုးရေးလုပ်ငန်း (၂) ခု၊ မွေးမြူရေးလုပ်ငန်း (၂) ခု၊ ဟိုတယ်လုပ်ငန်း (၄) ခု၊ သတ္တုတူးဖော်ရေးလုပ်ငန်း (၁၂) ခု၊ဆောက်လုပ်ရေးလုပ်ငန်း (၄) ခု၊ လျှပ်စစ်လုပ်ငန်း (၃) ခု၊ စက်မှုလုပ်ငန်း (၁၈) ခု၊ ဝန်ဆောင်မှုလုပ်ငန်း (၉) ခု၊ စုစပေါင်း (၅၅) ခု ရင်းနှီးမြှုပ်နှံ ဆောင်ရွက် လျှက်ရှိပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမှာ ဈေးကွက်စီးပွားရေး စနစ် ဖြစ်သည့်အတွက် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးရန် အရေးကြီးကြောင်း၊ ပုဂ္ဂလိက လုပ်ငန်း များအနေဖြင့် ကုမ္ပဏီများ ဖြစ်ပေါ်လာစေချင်ကြောင်း၊ ကုမ္ပဏီမှတ်ပုံတင် လုပ်ငန်းများကိုလည်း On Line စနစ်ဖြင့်မှတ်ပုံတင်နိုင်ကြောင်း၊ မွန်ပြည်နယ်တွင် ကုမ္ပဏီမှတ်ပုံတင်ထားသော လုပ်ငန်း (၁၁၅၀) ခု ရှိကြောင်း၊ အများပိုင်ကဏ္ဍ (၂) ခု ၊ အသင်းအဖွဲ့ (၂) ခု ၊ စုစုပေါင်း (၁၁၅၄)ခု မှတ်ပုံ တင်ထားကြောင်း၊ မှတ်ပုံတင်ခြင်းသည် Start Up ကနဦးစတင်လုပ်ဆောင်ခြင်း ဖြစ်ကြောင်း၊ မှတ်ပုံတင်ပြီးပါက ကုမ္ပဏီမှ လိုက်နာရမည့် တာဝန်များ ရှိကြောင်း၊ တာဝန်သိ/တာဝန်ခံ ဖြစ်ဖို့လိုကြောင်း၊ ကုမ္ပဏီဖျက်သိမ်းလိုပါက လူမွဲခံယူရေး ဥပဒေ အောက်တွင် ဖျက်သိမ်းရကြောင်း၊ ကုမ္ပဏီကိစ္စများကို အထူးဂရုပြု ဆောင် ရွက်ရန်လိုကြောင်း၊ ကမ္ဘာ့စီးပွားရေးပုံစံသစ်ထဲ ဝင်ရောက်လာဖို့နှင့် ကမ္ဘာ့တန်ဖိုး ကွင်းဆက်ထဲသို့ ဝင်ရောက်ရေးအတွက် ကနဦးစတင်လုပ်ဆောင်ရန် လိုသကဲ့သို့ နေရာရပြီးသူများမှာလည်း စနစ်တကျ ထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ မွန်ပြည်နယ်တွင်လည်း ရှိပြီးသား အရှိန်ကိုလည်း ထိန်းဖို့လိုကြောင်း၊ နိုင်ငံတော် မှလည်း ဆောင်ရွက်ပေးနေကြောင်း၊ ငါးလုပ်ငန်းရှင်များမှ ဆွေးနွေးသည့် နိုင်ငံခြားငွေများအား ဗဟိုဘဏ်သတ်မှတ်ဈေးဖြင့် ဝယ်ယူပေးချေနိုင်ရေးနှင့် ပတ်သက်၍ နိုင်ငံခြားငွေကြေးကြပ်ရေးကော်မတီမှ ၂၀၁၂ ခုနှစ်၊ ဧပြီလမှ စ၍

ထိန်းချုပ်နှုန်းရှည်စနစ်ကို ပြောင်းလဲကျင့်သုံးနေကြောင်း ဗဟိုဘဏ်ဈေးနှင့် ပြင်ပပေါက်ဈေး သိပ်မကွာကြောင်း လက်ရှိ အခြေအနေတွင် နိုင်ငံခြားငွေ ထိန်းချုပ်မှုများရှိကြောင်း၊ နိုင်ငံတော်၏ အထူးလိုအပ်ချက်ဖြစ်သော သယ်ယူပို့ဆောင်ရေးအတွက် ဒီဇယ်ဆီ၊ စက်သုံးဆီနှင့် စားသုံးဆီများ အတွက် အဓိက ပါမစ်ချပေးကြောင်း၊ တင်ပြသည့်ကိစ္စသည် ဦးစားပေးကုန်စည်တွင် မပါဝင်ကြောင်း၊ ငွေမိုးဆေးရုံ MIC တင်သည့်ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဌာနများ၏ ထောက်ခံချက်များ လိုအပ်နေသည်ကို တွေ့ရှိရပါကြောင်းနှင့် ထောက်ခံချက်များပြည့်စုံပါက အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးမှ မွန်ပြည်နယ်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် MSME လုပ်ငန်းများသည် အခြေခံကျကြောင်း၊ မွန်ပြည်နယ်တွင် ဆန်စပါး၊ ရာဘာ၊ ရေလုပ်ငန်းများ တွေ့ရကြောင်း၊ မွန်ပြည်နယ်တွင် ရာဘာစိုက်ကေသည် တစ်နိုင်ငံလုံး၏ သုံးပုံတစ်ပုံရှိပြီး နိုင်ငံခြားတင်ပို့မှုသည်လည်း သုံးပုံတစ်ပုံ ရှိကြောင်း၊ ရာဘာ အရည်အသွေးတိုးမြှင့်ရေးနှင့်ပတ်သက်၍ အပိုင်း (၂) ပိုင်း ရှိကြောင်း၊ ရာဘာများအား တရုတ်၊ မလေးရှား၊ ထိုင်းနိုင်ငံများမှ အများဆုံး ဝယ်ယူပြီး ဝယ်ယူသည့် ပုံစံပေါ်မူတည်၍ အတန်းစားကွဲပြားကြောင်း၊ အချို့က စံချိန်စံညွှန်းမကြည့်ဘဲ ဝယ်ယူကြကြောင်း၊ တရားမဝင်ရောင်းချမှုများအား ဝိုင်းဝန်းထိန်းသိမ်းရန် လိုကြောင်း၊ အရည်အသွေးကောင်းမွန်ရေးအတွက် ဒုတိယအရေးကြီးသည့် အချက်မှာ ဖောမစ်အက်ဆစ်ကို မသုံးဘဲ ဆာလဖျူရစ်အက်ဆစ်ကို အသုံးပြုသည့် အတွက်စံချိန်မမီဖြစ်နေကြောင်း၊ စံချိန်စံညွှန်းပြည့်မီရေးအတွက် အသေးစား ခြံငယ်များအားနည်းပညာများ ပေးအပ်ရန်လိုကြောင်း၊ ပုံမှန်အားဖြင့် RSS Grade (1 to 5) ကိုသာ တင်ပို့နေကြောင်း၊ ယခုအခါ TSR ထုတ်လုပ်လာပြီး မွန်ပြည်နယ်တွင် (၁၁) ရုံ ရှိကြောင်း TSR Grade (၄) မျိုး ခွဲထားပြီး Myanmar Rubber Standard ထွက်ပေါ်လာရေးအတွက် ရာဘာလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း ဈေးငွေနှင့်ပတ်သက်၍ အစုအဖွဲ့နှင့် ဝိုင်းကြီးချုပ်စနစ်ဖြင့် ဈေးယူနိုင်ရေး သမဝါယမဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ရာဘာခြံသစ်များ တည်ထောင်လုပ်ကိုင်လိုပါက မြေလွတ်မြေရိုင်းများ လျှောက် ထားနိုင်ပါကြောင်း၊ လုပ်ကိုင်ခွင့်ရပါက ၎င်းခြံများအား ပေါင်နှံခြင်း ပြုလုပ်၍ မရဘဲ သတ်မှတ်ချက်ပြည့်မီအောင် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ရာဘာပင်များဖြစ်တည်လာပါက သက်ဆိုင်ရာသို့ တင်ပြလျှင် မြို့နယ်/ခရိုင် အလိုက် မြေလွတ်မြေရိုင်း ကြီးကြပ်ရေးကော်မတီမှ စစ်ဆေးပေးမည်ဖြစ်ကြောင်း၊

ပုံစံ (၇) လျှောက် ထားနိုင်ပြီး ပုံစံ (၇) ရရှိလျှင် ချေးငွေလျှောက်ထားနိုင်ကြောင်း၊ ဆန်စပါးနှင့် ပတ်သက်၍ စိုက်ဧက လျာထားချက် ပြည့်မီအောင် ဆောင်ရွက်ထားကြောင်း သီးထပ်၊ သီးညှပ်နှင့် နွေစပါး စိုက်ပျိုးရန်အတွက် ဒုံသမိမြစ်ရေတင်စီမံကိန်းဖြင့် ပေါင်၊ သထုံမြို့နယ်များတွင် ဧက (၁) သောင်းကျော် တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားအနေဖြင့် ပင်မတူးမြောင်းမှ (၅.၅) မိုင်တွင် ဓာတ်အားခွဲရုံတည်ဆောက်ပြီး (66 KVA) ဓာတ်အားလိုင်းသွယ်တန်းရန် ရှိပါကြောင်း ငါးဖမ်းစက်လှေများနှင့် ပတ်သက်၍ လှေတစ်စီးကို VMS စက်များအား အသုံးပြုရန်အတွက် ကြည့်ရှုခ တစ်လလျှင် (၅၄) ဒေါ် လာ တစ်နှစ်လျှင် (၅၄၀) ဒေါ်လာ ပေးဆောင်ရ၍ စက်လှေ (၃၄၀) အတွက် တစ်နှစ်လျှင် ဒေါ်လာ (၁၇၀၀၀) လောက်ရှိကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် (၃၅၁၇) စီးအတွက် ဒေါ်လာ (၂) သန်း ခန့်ရှိကြောင်း၊ မွန်ပြည်နယ်အနေဖြင့် ငါးများအား ပြည်ပတင်ပို့မှုမရှိဘဲ အအေးခန်းများသို့ ရောင်းချခြင်းနှင့် ပြည်နယ်စားသုံးခြင်းအတွက်သာ ရှိသည့်အတွက် ရေလုပ်ငန်းအဖွဲ့ချုပ်နှင့် ဆွေးနွေးပြီး အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက် ပေးမည်ဖြစ်ကြောင်း။

(ဃ) သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးမှ မိမိတို့ ဝန်ကြီးဌာန အောက်တွင် သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန တို့ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ဖွဲ့စည်းပုံပြင်ဆင်ခဲ့ကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာနတွင် မြင်းကောင်ရေ (၃) ကောင်မှ (၅) ကောင်အထိနှင့် အလုပ်သမား (၃) ဦးမှ (၉) ဦးအထိရှိပါက အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းမှတ်ပုံတင် ပေးပြီး ထုတ်ကုန်အရည်အသွေးကိုလည်း ဓါတ်ခွဲစစ်ဆေးပေးပါကြောင်း၊ မိမိတို့ဌာန အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အဓိကထားဆောင်ရွက်ပါကြောင်း၊ ကျေးလက်ဒေသပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဝင်ငွေ တိုးစေရေးအတွက် မျိုးကောင်းမျိုးသန့် ရရှိရေး၊ ဓါတ်မြေဩဇာရရှိရေး ၊ တိရိစ္ဆာန်အစားအစာရရှိရေး၊ ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးနေပါကြောင်း၊ Contract Farming ဆောင်ရွက်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆားလုပ်ငန်းတွင် Solar စနစ်အသုံးပြုနိုင်ရေး ဆားဒဏ်ခံနိုင်မှု ရှိ/မရှိ ကို စမ်းသပ်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံမြို့နယ်များအတွက် မော်လမြိုင်ဘက်အခြမ်းတွင် တန် (၆၀) ကျ ဆန်စက်တစ်လုံးအား သမဦးစီးဌာနမှ ဦးစီးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးအတွက် ရေရရှိရေး၊

မီးရရှိရေး၊ ကျေးလက်လမ်းများအတွက် နီးစပ်ရာဦးစီးဌာနများသို့ သွားရောက်တင်ပြနိုင်ပါ ကြောင်းနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊

(င) စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းမှ မြန်မာနိုင်ငံမှာရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါသည့် ကဏ္ဍမှာ ပါဝင်လျှက်ရှိကြောင်း၊ နိုင်ငံတော် ဦးတည်ချက် (၉) ရပ် အနက် စီးပွားရေး ဦးတည်ချက် (၃) ရပ်နှင့် အဓိကဆက်စပ်နေသည်မှာ MSME လုပ်ငန်းများ ဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံး အနေအထားနှင့် ကြည့်လျှင် MSME လုပ်ငန်းများသည် စီးပွားရေး လုပ်ငန်းအားလုံး၏ ၉၀ % ခန့်ရှိပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်မှုမှာ ၆၀% – ၇၀ % ခန့်နှင့် ကမ္ဘာ့ GDP ၏ ၅၀% ခန့် ပါဝင်နေပါကြောင်း၊ အာဆီယံနိုင်ငံများတွင်လည်း MSME လုပ်ငန်းများသည် စီးပွားရေး လုပ်ငန်းများ အားလုံး၏ ၉၇– ၉၉% ပါဝင်တာတွေ့ရှိရကြောင်း၊ အလုပ်အကိုင်ဖန်တီးပေးမှုမှာ ၆၆% ခန့်နှင့် Total Export ၏ ၂၀– ၃၀% ခန့်ပါဝင်ပါကြောင်း၊ MSME လုပ်ငန်းများအား ကဏ္ဍကြီး (၄) ရပ်ခွဲခြားထားရာတွင် ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားဟူ၍ ခွဲခြားထားပါကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ မော်လမြိုင်စက်မှုဇုန်တစ်ခုနှင့် ကျောက်တန်းစက်ရုံစုနယ်မြေတစ်ခု ရှိပါကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို အမျိုးအစား (၂၄) မျိုးခွဲခြားထားပြီး၊ မွန်ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကစက်မှု လုပ်ငန်းများမှာ ၂၀၂၂ ခုနှစ် စက်တင်ဘာလ အထိ မှတ်ပုံတင်ထားသော ပုဂ္ဂလိက စက်မှုလုပ်ငန်းအကြီးစား (၂၇၉) ခု၊ အလတ်စား (၄၁၀) ခုနှင့် အငယ်စား (၁၈၄၂) ခု၊ စုစုပေါင်း (၂၅၃၁) ခု ရှိပါပြီး မော်လမြိုင်စက်မှုဇုန်တွင် ပုဂ္ဂလိကစက်မှုလုပ်ငန်း (၁၈၂) ခုနှစ်၊ ကျောက်တန်း စက်ရုံစုတွင် (၁၃) ခုရှိပါကြောင်း၊ MSME လုပ်ငန်းများအား ၂၀၁၆ ခုနှစ်မှစတင်၍ MSME Member Card များ ထုတ်ပေးလျက်ရှိရာ ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ် စက်တင်ဘာလထိ အသေးစား (၁၀၈၇) ခု နှင့် အလတ်စား (၁၉၃) ခု၊ စုစုပေါင်း (၁၂၈၀) ခုကို ထုတ်ပေးထားပြီး ဖြစ်ကြောင်း၊ MSME လုပ်ငန်းရှင်များ လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရန်အတွက် အတိုးနှုန်း သက်သာသည့် ချေးငွေများအား သက်ဆိုင်ရာဘဏ်များမှ ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိ ချေးငွေ စုစုပေါင်း ကျပ်သန်း (၈.၅၃၈) ဘီလီယံကို MSME လုပ်ငန်းရှင် (၂၇၅) ဦးအား ထုတ်ပေးထားပြီးဖြစ်ပါကြောင်း၊ သိရှိလိုသည်များ ရှိပါက မွန်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ အသေးစား၊

အငယ်စားနှင့် အလတ်စား လုပ်ငန်းရှင်များအား ထုတ်လုပ်မှုနည်းပညာနှင့် စီးပွါးရေးနှင့် ပတ်သက်သော အသိပညာများ ရရှိစေရေး စွန့်ဦးတီထွင် လုပ်ငန်းများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး သင်တန်းများ ဆွေးနွေးပွဲ များနှင့် ပြပွဲပြိုင်ပွဲများ စုစုပေါင်း (၇၅) ကြိမ် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ဈေးကွက်ဝင် ထုတ်လုပ်မှုနည်းပညာများ ဈေးကွက် ချဲ့ထွင်ခြင်းများ၊ ငွေကြေးစီမံခန့်ခွဲမှုများ၊ ဝန်ဆောင်မှု မြှင့်တင်ခြင်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းစေခဲ့ ပါကြောင်း၊ မွန်ပြည်နယ် ဒေသထုတ်ကုန် ပစ္စည်းများဖြစ်သည့် ရာဘာပြား၊ ရာဘာသစ်ပါးလွှာ၊ မော်တော်ယာဉ်ငယ် တာယာ၊ ရေငန်ငါး၊ ကွမ်းသီး၊ ဝဥခြောက်နှင့် ခနောက်စိမ်းများကို တရုတ်၊ ဂျပန်၊ ဗီယက်နမ်၊ အိန္ဒိယ၊ မလေးရှား၊ စင်္ကာပူ၊ ယီမင်နှင့် ထိုင်းနိုင်ငံများသို့ တင်ပို့ ရောင်းချ လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက် နိုင်ရန် လိုအပ်သော ကုန်ကြမ်းရရှိရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်၍ ပူးပေါင်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း၊ မွန်ပြည်နယ် MSME ဖွံ့ဖြိုး တိုးတက်ရေး အေဂျင်စီကို ဖွဲ့စည်းထားရှိပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသနှင့် ကိုက်ညီသော MSME Development Action Plan ကို Policy Index ပါ ကဏ္ဍ (၈) ခုနဲ့ အခြေခံ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသတွင်းရှိ အောင်မြင်ရန် အလားအလာရှိသော MSME စီးပွါးရေး ကဏ္ဍများအနေဖြင့် တန်းဖိုးမြှင့် စီးပွါးရေးလုပ်ငန်းများ အလုပ်အကိုင် ပေါ်ထွန်းရေးကို အားပေးသော စီးပွါးရေးလုပ်ငန်းများ၊ အထောက်အကူပြု စီးပွါးရေးလုပ်ငန်းများ၊ ဆန်းသစ် တီထွင်မှုကို အားပေးသော စီးပွါးရေးလုပ်ငန်းများ၊ သွင်းကုန် အစားထိုး ပို့ကုန်မြှင့်တင်ရေး ဆိုင်ရာ စီးပွါးရေးလုပ်ငန်းတို့ ရှိပါကြောင်း၊ ဒေသထွက် ပစ္စည်းများဖြစ်သည့် ရာဘာ၊ ဆား၊ ရေငန်ငါးနှင့် သစ်သီးဝလံများ ကိုလည်း ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) အစီအစဉ် ဖြင့် ဆောင်ရွက်သွားနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အသိ ပညာပေး သင်တန်းများဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော် မှ ပံ့ပိုး ပေးလျက်ရှိသော ချေးငွေအစီအစဉ်များ (MEB Loan, Covid-19 Stimulus Package, JICA Two Step Loan) အတွက် ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေး လုပ်ငန်းရှင်များအတွက် သွင်းအားစု မှန်ကန်စွာရရှိရေး၊ မျိုးစိတ် အသစ် ရရှိရေးနှင့် ဈေးကွက်ရရှိရေး၊ နည်းပညာရရှိရေးအတွက် စိုက်ပျိုးရေး

ဦးစီးဌာန၊ ဆားလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ပူးပေါင်း၍ ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ အလား အလာရှိသော လုပ်ငန်းကဏ္ဍ (၅) ခုကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေး အဆင့်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၁၉၉၀ ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေ၊ ၂၀၁၅ အသေးစား၊ အလတ်စား၊ စီးပွါးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် ၂၀၂၀ ပြည့်နှစ် စက်မှုဇုန်ဥပဒေ တို့ဖြစ်ပြီး အသေးစား၊ အလတ်စား စီးပွါးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ က Promotion Law ဖြစ်ပြီး ကျန် နှစ်ခုကတော့ Regulatory Law ဖြစ်ပါကြောင်း၊ အဆိုပါဥပဒေများနှင့် ပတ်သက်ပြီး လိုအပ်သည်များ သိရှိလိုပါ မွန်ပြည်နယ်စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနမှတဆင့် ဆက်သွယ်မေးမြန်း ဆောင်ရွက် နိုင်ပါကြောင်း၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွါးရေးလုပ်ငန်းများ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့ လိုအပ်နေသည့် အတိုးနှုန်း သက်သာသော ချေးငွေများရရှိစေရေး၊ ထုတ်လုပ်မှုနည်းပညာနှင့် ခိုင်မာသော ဈေးကွက် ဖော်ဆောင်ပေးရေး၊ ပြည်တွင်း ပြည်ပ ကုန်စည်ပြပွဲများသို့ MSME လုပ်ငန်းရှင်များ ဝင်ရောက်ပြသစေရေးတို့ကို ဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိက မောင်းနှင်အားအဖြစ် အသုံးချပြီး အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်လာစေရေး ဆင်းရဲချမ်းသာ ကွာဟမှု လျော့ချနိုင်ရေး ကုန်ထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် လက်ရှိစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထုတ်ကုန် အမည်သစ်များနှင့် တန်ဘိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက်လည်း တီထွင်ကြံဆပြီး ဈေးကွက် ချဲ့ထွင်သွားရမည် ဖြစ်ပါကြောင်း၊ ဒေသအလိုက် အလားအလာကောင်း များရှိသည့် စီးပွါးရေး လုပ်ငန်းများ ဖော်ထုတ်မြှင့်တင်ပေးခြင်း၊ MSME လုပ်ငန်းများ အတွက် လိုအပ်သည့် နည်းပညာနှင့် အတိုးနှုန်းသက်သာသည့် ချေးငွေများ ပံ့ပိုးပေးခြင်း ခိုင်မာသော ဈေးကွက် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွါးရေး အချိုးညီ ဖွံ့ဖြိုးတိုးတက် လာစေရေးနှင့် ဒေသတွင်း MSME လုပ်ငန်းများ စဉ်ဆက်မပြတ် ရှင်သန် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်နှင့် MSME လုပ်ငန်းရှင်များ အတူလက်တွဲ၍ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မော်လမြိုင်စက်မှုဇုန်မှ ဒေါ်မြတ်မြတ်စိုး (သံရည်ကျိုလုပ်ငန်းရှင်) တင်ပြသည့် ကိစ္စနှင့် ပတ်သက်၍ စက်မှုဇုန်တွင် တင်ဒါရယူဆောင်ရွက်နိုင်ရေး ယာဉ်အိုယာဉ်ဟောင်း စွန့်ပစ်မှု

ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက် ပေးသွားမည် ဖြစ်ကြောင်း၊ မော်လမြိုင်စက်မှုဇုန် ဦးဝင်းကို တင်ပြသည့် ရေနံဂျိုး ကိစ္စနှင့် ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

(စ) စီးပွါးရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးမှ Mon CCI မှ တင်ပြသည့် ဆားများအား ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ G to G စနစ်ဖြင့် တင်ပို့ရောင်းချနိုင်ရေး ကိစ္စနှင့်ပတ်သက်၍ ဆက်လက်ညှိနှိုင်း ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ ရောဝတီတိုင်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ နှစ်စဉ် တန် (၂) သန်းခန့် တင်ပို့လျက်ရှိပြီး တစ်တန်လျှင် အမျိုးစားပေါ်မူတည်၍ US $ (25 to 60) ထိ ဈေးရရှိပါကြောင်း၊ လေ့လာချက်အရ မော်လမြိုင်ဆားကြမ်း ဈေးမှာ တစ်တန်လျှင် US $ (50 to 60) ခန့် ရှိကြောင်း၊ Production Cost တွက်ချေ ကိုက်မှုကို ပြန်လည်တွက်ချက်ရန် လိုအပ်ပါကြောင်း၊ G to G စနစ်ဖြင့် ပြည်ပသို့ တင်ပို့မည့်အစား အဆင့်မြင့်ဆားချော Table Salt ထုတ်လုပ်ပြီး ပြည်တွင်းကို ဖြန့်ဖြူးရောင်းချခြင်းက ပိုမိုကောင်းမွန်နိုင်ကြောင်း၊ ဆန်စက်များ အဆင့်မြှင့်တင်ရေးနှင့် Export တင်ပို့နိုင်ရေးကိစ္စနှင့်ပတ်သက်၍ မွန်ပြည်နယ် တွင် စပါးအထွက် တင်း (၄၆) သန်း ရှိပြီး နှစ်စဉ် စပါး (၁၁) သန်းခန့် ဆန်အနေဖြင့် တန် (၉) သိန်း ပိုလျှံသည့်အတွက် ပြည်ပသို့ တင်ပို့နိုင်ကြောင်း၊ မွန်ပြည်နယ်တွင် ဆန်စက်ကြီး (၂၃) ခု၊ အလတ် (၇၇) ခုတို့မှာ Export တန်းဝင်ပြီး ဆန်စက်ငယ်များမှာ Export တန်းမဝင်ကြောင်း၊ ဆန်စက်ကြီး (၂၃) စက်မှာ Export တန်းဝင်၍ ရင်းနှီးမြှုပ်နှံမှု လိုအပ်ကြောင်း၊ စက်ရုံ တစ်ရုံခြင်း စီအနေဖြင့် အဆင့်မြင့် ဆန်စက်များ တည်ဆောက်မည် ဆိုပါက ရင်းနှီး မြှုပ်နှံမှုများကြောင်း၊ ဆန်စက်လုပ်ငန်းရှင်များ စုပေါင်း၍ Export တန်းဝင် အဆင့်မြင့်ဆန်စက်တည်ဆောက်ပြီး ဆန်စက်ငယ်မှ လုံးတီးဆန်ကြိတ်၍ အဆင့်မြင့်ဆန်စက်၌ ဆက်လက်ကြိတ်ခွဲခြင်းဖြင့် Export ဆန်များ ထုတ်လုပ်နိုင် မည်ဖြစ်ကြောင်း၊ ပို့ကုန်များ အဆင့်မြှင့်တင်ရေး၊ ဈေးကွက် ရရှိရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် စားသုံးသူဦးစီးဌာနသို့ ဆက်သွယ် ဆောင်ရွက် နိုင်ပါကြောင်း။

(ဆ) မွန်ပြည်နယ်ဝန်ကြီးချုပ်မှ မွန်ပြည်နယ် မော်လမြိုင်မြို့သည် လမ်းပန်းဆက်သွယ် ရေး ကောင်းမွန်ပြီး အရှေ့အနောက်စင်္ကြံလမ်း အာဆီယံ ဟိုင်းဝေးလမ်းများပေါ် တွင် တည်ရှိသည့်အတွက် MSME လုပ်ငန်းများ လျင်မြန်စွာ တိုးတက်ရန် အလား အလာရှိပါကြောင်း၊ ပြည်နယ်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အဓိကထား ဆောင်ရွက်လျက်ရှိပြီး ၂၀၂၁-၂၀၂၂ ခုနှစ် တွင် ၁၃၂ ရာခိုင်နှုန်း ဖူလုံမှုရှိကြောင်း၊

ရာဘာ စိုက်ဧကေ (၅) သိန်းကျော် ရှိသည့်အတွက် ရာဘာအခြေခံ၍ အဆင့်မြင့် လူသုံးကုန် ပစ္စည်းထုတ်လုပ်နိုင်ရေး၊ ဒူရင်းသီး၊ ကြက်မောက်သီး၊ ကျွဲကောသီးတို့ အထူးထွက်ရှိသည့်အတွက် အခြားပြည်နယ်နှင့်တိုင်းများသို့ တင်ပို့လျက်ရှိကြောင်း နိုင်ငံခြားပို့ကုန် value added လုပ်နိုင်သည့် အလားအလာရှိကြောင်း၊ SOPနှင့်အညီ အဓိက အားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံ ကုန်ထုတ်လုပ်ငန်းများ၊ သီးနှံအခြောက်ခံ လုပ်ငန်းများ၊ စည်သွတ်ဗူးလုပ်ငန်းများ၊ value added လုပ်ငန်းများနှင့် သီးနှံဈေးကွက် မြှင့်တင်ရေးများ ရည်ရွယ်လုပ်ဆောင်လျက်ရှိပါကြောင်း၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ တန် (၆၀) ကျ ဆန်စက်တစ်ခု တည်ထောင် နိုင်ဘို့အတွက် ကော်မတီဖွဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ပတ်အတွင်း စူးစမ်းလေ့လာ၍ စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မွန်ပြည်နယ်တွင် ဒုံသမိမြစ်ရေတင်စီမံကိန်းဖြင့် ဧကတစ်သောင်းကျော် နွေစပါး စိုက်ပျိုးရန်အတွက် Survey လုပ်ပြီး တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ မှ ဆွေးနွေးပြောကြားခြင်း

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ မွန်ပြည်နယ်အတွင်းရှိ MSME ၏ တင်ပြချက်များနှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြောကြားခဲ့ပါသည် -

(က) မွန်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ တိုးတက်ရေးအတွက် တွေ့ဆုံခဲ့ခြင်း ဖြစ်ပါကြောင်း နိုင်ငံတစ်ခုသည် စီးပွားရေးကောင်းနှင်အား၊ နိုင်ငံရေးအားနှင့် ကာကွယ်ရေး စွမ်းအားကောင်းရန်လိုကြောင်း၊ စီးပွားရေးကောင်းနှင်အား ကောင်းမွန်ပါက နိုင်ငံရေးနှင့်ကာကွယ်ရေး စွမ်းအားများသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့် နိုင်ငံတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးပြီး စီးပွားရေးအားကောင်းသည့် နိုင်ငံများရှိသကဲ့သို့ အခြားနိုင်ငံရေးစနစ်များကိုကျင့်သုံး၍ စီးပွားရေး အားကောင်းလျက်ရှိသည့် နိုင်ငံများ လည်းရှိကြောင်း၊ နိုင်ငံအတွင်းရှိ သယံဇာတပစ္စည်းများနှင့် အရန်ငွေများရှိခြင်းကြောင့် ကာကွယ်ရေး စွမ်းပကားများကို မြှင့်တင်ဆောင်ရွက်ကြသည် များလည်းရှိကြကြောင်း၊ စီးပွားရေးအားကောင်းသည့် နိုင်ငံများတွင်ပင် နိုင်ငံရေး ပြဿနာများကြောင့် ဆူပူမှုများဖြစ်ပေါ်နိုင်ပြီး အစိုးရအပေါ်တွင် မကျေနပ်မှုများ ဖြစ်ပေါ်ကြကြောင်း၊ ပြည်သူများတွင်လိုအပ်ချက်များ ဖြစ်ပေါ်လာသည့်အချိန်တွင် တိုင်းပြည်ဆူပူမှုများ ဖြစ်ပေါ်တတ်ကြောင်း၊ မိမိတို့ နိုင်ငံတွင်

လည်းယခင်က စီးပွားရေးကျဆင်းမှု များကြောင့် ဆန်၊ စပါး အရေးအခင်းများ ဖြစ်ပေါ်၍ ဆူပူမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် တွင်လည်း စီးပွားရေး ကျဆင်းမှုနှင့် နိုင်ငံရေးဆိုင်ရာ သဘောထား ကွဲလွဲမှုများကြောင့် ဆူပူမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးအရ တည်ငြိမ်ရန်အတွက် စီးပွားရေး ကောင်းမွန်ရန် အရေးကြီးကြောင်း။

(ခ) မိမိတို့နိုင်ငံသည် အခြေခံကောင်းများရှိပြီး ဖြစ်သဖြင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်နိုင်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိသည် ဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ပြည်တွင်း ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ မိမိအနေဖြင့် ပြည်တွင်း စီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပြီး မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အများဆုံး ဆောင်ရွက်ကြသည်ဖြစ်သဖြင့် ယင်းကို အခြေခံ၍ စီးပွားရေးကို ဆောင်ရွက်ပါက မလွဲမသွေအောင်မြင်မည် ဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကုန်ဈေးနှုန်း များ မြင့်တက်ခဲ့သော်လည်း မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သဖြင့် စားသောက် ကုန်များပြတ်လပ်မှုမရှိခဲ့ကြောင်း၊ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် MSME လုပ်ငန်းများသည် စက်မှုကဏ္ဍ၏ဝင်ငွေတွင် ၉၀ % ခန့်ရှိကြောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုတွင်လည်း MSME လုပ်ငန်းများသည် အရေးပါဆုံးအခန်း ကဏ္ဍ တွင်ပါဝင်သဖြင့် အားပေးဆောင်ရွက်ခြင်းသည် နိုင်ငံအတွက်များစွာ အကျိုး ဖြစ်ထွန်းစေကြောင်း၊ ပြည်တွင်း၌ လိုအပ်သည်များကို ပြည်တွင်း၌ ထုတ်လုပ် နိုင်ခြင်းဖြင့် ပစ္စည်းဈေးနှုန်း ကြီးမြင့်မှု များကိုဖြေရှင်းနိုင်မည်ဖြစ်ကြောင်း။ ထို့ကြောင့်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း (MSME) လုပ်ငန်းတွင် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းဟူ၍ (၄) မျိုးရှိပြီး မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုကို အဓိကအားပေးကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတမှု၊ ပစ္စည်းရှားပါးမှုကြောင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုများကို ဖြစ်စေနိုင်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို လုံလောက်စွာ ဆောင်ရွက်နိုင် မည်ဆိုပါက ဝယ်လိုအား နှင့်ရောင်းလိုအား မျှတလာမည်ဖြစ်သဖြင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုကို လျော့ကျလာမည်ဖြစ်ကြောင်း ထို့ကြောင့် ပြည်တွင်း လိုအပ်သည့် ကုန်ပစ္စည်းများ ထိုက်သင့်သည့်ဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ရန်လိုကြောင်း၊ ပြည်ပအစားထိုး သွင်းကုန်များကို မိမိနိုင်ငံအတွင်း၌ အရည်အသွေးမီ

ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းပြည်ပ စီးပွားရေးများ ကောင်းမွန်လာမည်ဖြစ်ကြောင်း။

(ဂ) ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ပြည်နယ်အတွင်းနှင့် ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အဓိက အသုံးပြုနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းများ၊ မြေပေါ်မြေအောက် သယံဇာတ ပစ္စည်းကုန်ကြမ်းများကို အသုံးပြု နိုင်မည်ဆိုပါကများစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်း စပါးစိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံမြေများ စိုက်ပျိုးခြင်းနှင့် အခြားဆီထွက်သီးနှံနှင့် ရာဘာစသည့် စက်မှုထွက်ကုန်များ ရှိကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံသည့် ထုတ်ကုန်များကို များစွာ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် အရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးနိုင် ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနှံ့အပြားတွင် စပါးမျိုးကွဲများ များစွာစိုက်ပျိုးကြပြီး မျိုးမှန် မျိုးသန့်ရရန်နှင့် မျိုးကွဲနည်းအောင် စိုက်ပျိုးကြရန်လိုကြောင်း၊ မွန်ပြည်နယ်အတွင်း စပါးအထွက်နှုန်းမှာ ပန်းတိုင် ရည်မှန်းချက်ထက် နည်းပါးသဖြင့် တဧကအထွက်နှုန်း တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဆိုပါက ဒေသစားသုံးမှုဖူလုံသည့်အပြင် အခြားဒေသများနှင့် ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊

(ဃ) မော်လမြိုင်ဒေသတွင်း စိုက်ပျိုးရေး ထွက်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း၊ ရာဘာစိုက်ပျိုးမှုများ တွင်လည်း ရာဘာအထွက်နှုန်းများ ယခုထက် တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကောင်း မွန်ပြည်နယ်အတွင်း ကျွဲနှင့်နွားမွေးမြူရေးများလည်းရှိသဖြင့် အဆိုပါ လုပ်ငန်းများမှတဆင့် သားရေ ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ ယင်းမှ ဖိနပ်ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်၍ တစ်နိုင်ငံလုံးဈေးကွက်ကို ဖြန့်ဖြူးနိုင်သည်အထိ ရည်မှန်းလုပ်ဆောင်ရန်လိုကြောင်း၊ ရာဘာလုပ်ငန်းများမှ ပြည်တွင်းလိုအပ်ချက်ရှိသည့် မော်တော်ကားနှင့်မော်တော် ဆိုင်ကယ်များအတွက် တာယာများ ထုတ်လုပ်နိုင်မည်ဆိုပါက အကျိုးဖြစ်ထွန်း စေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊

(င) မော်လမြိုင်တွင် ယခင်က ပင်လယ်ဆိပ်ကမ်းရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုအသုံးပြုမှုမရှိကြောင်း၊ မော်လမြိုင်ဒေသတွင် ပင်လယ်ဆိပ်ကမ်း

တစ်ခု တည်ဆောက်နိုင်ရေးအတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက် လျက်ရှိကြောင်း၊ အလားတူ မော်လမြိုင်ဒေသတွင် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နောင်တစ်ချိန်တွင် မော်လမြိုင်ဒေသသို့ ခရီးသွားများ ဝင်ရောက်မှု ပိုမိုအားကောင်းလာစေရန်နှင့် လေကြောင်းမှ ကုန်စည်စီးဆင်းမှုများကို မြင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

(စ) မွန်ပြည်နယ်သည် သစ်၊ ဝါး၊ ပေါများသည့် ဒေသဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စက္ကူများ လိုအပ်ချက်ရှိသဖြင့် ပြည်ပမှတင်သွင်းနေရကြောင်း၊ သစ်နှင့်ဝါးများကို စိုက်ပျိုး၍ ပျော့ဖတ်စက္ကူ ထုတ်လုပ်ခြင်းနှင့် ဝါးကိုအခြေခံသည့် ကုန်ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်၍ ရကြောင်း၊ မြေလွတ်မြေရိုင်းများပေါ်တွင် သစ်နှင့်ဝါး စိုက်ပျိုးခြင်းများကို အမှန်တကယ်ဆောင်ရွက်မည် ဆိုပါက နိုင်ငံတော်အနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ အလားတူ လယ်,ယာ စိုက်ပျိုးမြေများကိုလည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဥယျာဉ်ခြံမြေများကိုလည်း မိရိုးဖလာ စိုက်ပျိုးခြင်းထက် ခေတ်မီသည့် နည်းပညာများကို အသုံးပြု၍ အသီးအနှံများ အထွက်နှုန်းတိုးတက် ကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးထုတ်လုပ် နိုင်ရန်လိုကြောင်း၊ ထုတ်လုပ်မှုများ ဆောင်ရွက်ရာ တွင်လည်း အရည်အသွေး ကောင်းမွန်ရန်နှင့် ထုပ်ပိုးမှုစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်နိုင် မည်ဆိုပါက လူများစိတ်ဝင်စားမှုရှိလာပြီး ထုတ်ကုန်များ ဈေးနှုန်း ရရှိရန် ရောင်းအားများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဥယျာဉ်ခြံမြေ သီးနှံများမှ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း။

(ဆ) ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်း၊ လောင်စာဆီ၊ လျှပ်စစ်စွမ်းအားတို့ကို လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ် စီမံကိန်းများ များစွာ စီမံဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ ရကြောင်း၊ ထို့ကြောင့် ပြည်တွင်းလျှပ်စစ်ဓါတ်အား လိုအပ်ချက်များ ရှိသလို တဖက်မှ လောင်စာဆီနှင့် ဂက်စ်များ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက် လျက်ရှိကြောင်း၊ မွန်ပြည်နယ်တွင်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများကို ကာလတစ်ခုဆောင်ရွက်၍ ရကြောင်း၊ စက်ရုံအလုပ်ရုံများအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓါတ်အားများကို အသုံးပြုဆောင်ရွက်မည်ဆိုပါက ကုန်ကျစရိတ်ကို သက်သာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓါတ်အားများ

ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း၊ အချို့နိုင်ငံများတွင် စက်သုံးဆီများ ချွေတာရေးအတွက် Electric Vehicle လျှပ်စစ်စွမ်းအင် သုံးယာဉ်များကို အသုံးပြု၍ အများပြည်သူ သယ်ယူပို့ဆောင်ရေး များကို အသုံးပြုလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံအတွင်း လျှပ်စစ်ဓါတ်အား အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း၊ နေ့စဉ်အသုံးပြု လျက်ရှိသည့် မော်တော်ယာဉ်များနှင့် မော်တော် ဆိုင်ကယ်များအတွက် လိုအပ်သည့် လောင်စာဆီများကို ပြည်ပမှ တင်သွင်း နေရသဖြင့် နိုင်ငံခြားငွေ သုံးစွဲ ကုန်ကျမှုများရှိကြောင်း၊ ထို့ကြောင့် လောင်စာဆီကို ချွေတာနိုင်သည့် လျှပ်စစ်ဓါတ်အား အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက လောင်စာဆီများအတွက် ကုန်ကျ စရိတ်များ များစွာလျော့နည်း သွားမည်ဆိုပါက နိုင်ငံတော်အတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

(ဖ) ယခင်ကပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိခဲ့ဘဲ ပြည်ပမှသာ တင်သွင်း သုံးစွဲခဲ့မှုများကြောင့် ပြည်တွင်း၌ လိုအပ်ချက်များ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်၍ ရသည့် အခြေခံသုံးကုန်၊ စားကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းမှုများ လျော့ချနိုင်ရန်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်ခြင်းမှာ ပြည်ပမှ တင်သွင်းမှုများကြောင့် နိုင်ငံခြားလိုငွေများ များစွာဖြစ်ပေါ်လျက်ရှိခြင်းကြောင့်ဖြစ်ကြောင်း၊ အလားတူ ပြည်တွင်းကုန်ထုတ် လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်၍ စားကုန်သောက်ကုန်နှင့် သုံးကုန်များအတွက် လုံလောက်စွာ ထုတ်လုပ်နိုင်ရန် အားပေး ဆောင်ရွက်လျက် ရှိကြောင်း ပြည်ပမှသွင်းကုန်များ ထိန်းချုပ်ပေးမှုကြောင့် ပြည်တွင်း စက်မှု လုပ်ငန်းများ အားကောင်းလာပြီး အလုပ်အကိုင်များလည်း ပေါများ လာကြောင်း၊ ယခင်က ဘိလပ်မြေများထုတ်လုပ်ရာတွင် ကုန်ထုတ်လုပ်မှုစရိတ်များ ကြီးမြင့် ခြင်းများ ဖြစ်ပေါ်ခြင်း၊ ကုန်ကြမ်းများမရရှိခြင်း၊ လောင်စာနှင့်စွမ်းအင်များ လုံလောက်စွာ မရရှိခြင်း၊ နည်းပညာလိုအပ်ချက်များရှိခြင်းကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါလုပ်ငန်း များ ပြန်လည်လည်ပတ်နိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၈/၂၀၁၉ ခုနှစ်ခန့်မှစ၍ နိုင်ငံ၏ စီးပွါးရေး ကျဆင်းခဲ့သော်လည်း ယခုအခါ မိမိတို့နိုင်ငံ၏ စီးပွါးရေးမှာ ပြန်လည်တည်ငြိမ်ကောင်းမွန်လာပြီးဖြစ်ကြောင်း။

(ဈ) လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အရည်အချင်းပြည့်ဝသည့် လူသား အရင်းအမြစ်များလည်း လိုအပ်ကြောင်း၊ ပညာရည်မြင့်မားရေးအတွက် မိမိတို့ အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်သည် ပညာရေး အားပေးသည့် ပြည်နယ်တစ်ခုဖြစ်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်မှုတွင် ပထမရခဲ့ကြောင်း၊ ယင်းအတွက် ချီးကျူးပါကြောင်း၊ KG + 9 အောင်မြင်ပြီးချိန်တွင် တက်ရောက်နိုင်ရေး၊ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်း ကျောင်းများကို ခရိုင်များ၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ အဆိုပါ အထက်တန်း ကျောင်းများမှ အောင်မြင်ပါက သိပ္ပံ ကျောင်းများ၊ တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ထိုမှတဆင့် သက်ဆိုင်ရာ နယ်ပယ် အလိုက် နည်းပညာကျွမ်းကျင်သည့် လူသားအရင်းအမြစ် ကောင်းများ ပေါ်များစွာ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးကို အားပေး ဆောင်ရွက်လျက်ရှိ သကဲ့သို့ မိဘများ အနေဖြင့်လည်း မိမိတို့ သားသမီးများ၏ ပညာရေးကို အားပေးရန်လိုကြောင်း။

(ည) နိုင်ငံတော်မှ ပညာသင်ကြားပေးလိုက်သူများ အနေဖြင့်လည်း နိုင်ငံတော်အပေါ် ပြန်လည် အကျိုးပြုရန်လိုကြောင်း၊ တိုင်းပြည်နှင့်ပြည်သူအတွက် တာဝန် ထမ်းဆောင်ကြရန်လိုကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ မိမိတို့ အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိပြီး စာသင်ကျောင်း များအားလုံး ဖွင့်လှစ်ပေးထားကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း လူသားအရင်းအမြစ်များ တိုးပွါးလာစေရေး သက်ဆိုင်ရာ ပညာရပ်များအလိုက် သင်တန်းများ ဖွင့်လှစ်၍ ဆင့်ပွါးသင်တန်းများ သင်ကြားပေးရန်လိုကြောင်း။

(ဋ) ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတကာတွင်လည်း ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းကို အားပေးကြကြောင်း၊ မွန်ပြည်နယ်သည် သာယာလှပသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ရေစီးရေလာများ ကောင်းမွန်စေရေးနှင့် မြို့များ သန့်ရှင်းသာယာလှပရေး၊ ပတ်ဝန်းကျင် သပ်ရပ်လှပရေး အားလုံး ဝိုင်းဝန်း ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းညွှန်အမှတ်အသားများ စနစ်တကျ ရှိစေရေးနှင့် သတ်မှတ်ထားသည့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရေး ထိန်းသိမ်းကြပ်မတ်ရန်လိုကြောင်း၊ သာယာ လှပသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးဆောင်ရွက်နိုင်မှသာ ခရီးသွား ဧည့်သည်များကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဒေသအစားအစာ များကို ကောင်းမွန် သန့်ရှင်း သပ်ရပ်အောင် ဆောင်ရွက်ခြင်း၊ အများသိအောင် ကြော်ငြာပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြစ်လည်း ခရီးသွားများကို ဆွဲဆောင် နိုင်မည်ဖြစ်ကြောင်း၊

(ဌ) အခွန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အချို့သော EAO အဖွဲ့များက တရားမဝင် ကုန်သွယ်မှုများတွင် ပါဝင်လျက်ရှိသည်ကို သိရှိရကြောင်း၊ တရားမဝင် ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် နစ်နာမှုများရှိကြောင်း၊ အိမ်နီးချင်း နိုင်ငံများနှင့် ကုန်သွယ်မှု စာရင်းဇယားများကို တိုက်ဆိုင်စစ်ဆေးကြည့်ပါက ၅၀ ရာခိုင်နှုန်းနီးပါးခန့် ကွာဟနေသည်ကို တွေ့ရှိရပြီး တရားမဝင် ကုန်သွယ်မှုများ ရှိနေခြင်းကြောင့်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တရားမဝင်ကုန်သွယ်မှုများမရှိ စေရေး တတ်နိုင်သမျှ ထိန်းချုပ်ဆောင်ရွက်လျက်ရှိပြီး လိုင်စင်မဲ့ မော်တော်ယာဉ် များနှင့် မော်တော်ဆိုင်ကယ်များ မရှိစေရေးအတွက်လည်း တာဝန်ရှိသူများ အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ တရားမဝင်ပစ္စည်းများ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ သယ်ဆောင်မှု မရှိစေရေးအတွက် စစ်ဆေးမှုများရှိသော်လည်း ခရီးသွားလာမှုများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး အတွက် တတ်နိုင်သမျှ ဖြေရှင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တစ်ဦး တစ်ယောက်ခြင်းမှ အစပြု၍ စည်းမဲ့ကမ်းမဲ့ဆောင်ရွက်မည်ဆိုပါက နိုင်ငံအနေဖြင့် တိုးတက်မှုများ ဖြစ်ပေါ်လာနိုင်မည် မဟုတ်သဖြင့် ပြည်သူများပါ ပါဝင်၍ စည်းကမ်းစနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း တိုက်တွန်း ပြောကြားသွားပါသည်။

နိဂုံး

၆။ သို့ဖြစ်ပါ၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ မွန်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင် များနှင့် တွေ့ဆုံမှု ဆွေးနွေးမှု အစီရင်ခံစာအား တင်ပြအပ်ပါသည်။

# မှတ်တမ်းဓာတ်ပုံများ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွါးရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနား





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွါးရေးလုပ်ငန်းရှင်များ၏ ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုခြင်း





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွါးရေးလုပ်ငန်းရှင်များ၏ ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုခြင်း





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွါးရေးလုပ်ငန်းရှင်များ၏ ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုခြင်း



